သရက်ပြားကျေးရွာ

ပင်းတယမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သရက်ပြား ကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဩဂုတ် ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
သရက်ပြားကျေးရွာ
ပင်းတယမြို့နယ်

## သရက်ပြားကျေးရွာ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | |
| | **ကျေးရွာသယံဇာတပြမြေပုံ** | |
| ၁ | **တည်နေရာနှင့် ပထဝီဝင်အနေအထား** | ၅ |
| ၂ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | ၅ |
| ၃ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ** | ၅ |
| ၄ | **စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | |
| | (က)သီးနှံစိုက်ပျိုးရေး | ၆ |
| | (ခ)မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ)ငါးလုပ်ငန်း | ၇ |
| | (ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၇ |
| | (င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၇,၈ |
| ၅ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | |
| | (က)ကျေးလက်သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ)ကျေးရွာမီးလင်းရေး | ၈ |
| | (ဂ)သတင်းနှင့် ဆက်သွယ်ရေး | ၈ |
| ၆ | **ပညာရေး** | ၈,၉ |
| ၇ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၉ |
| ၈ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၉,၁၀ |
| ၉ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၀ |
| ၁၀ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၁ |

| | | |
|---|---|---|
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၂ |
| | နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | - |
| | နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၁၃ |
| | နောက်ဆက်တွဲ(၄)နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက် | ၁၄ |



## ၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ပင်းတယ၊ ဟဲဟိုးကားလမ်းပေါ်တည်ရှိပြီး အုပ်ချုပ်ရေးရုံးဆိုင်ရာ ပင်းတယမြို့နှင့်
ဆက်သွယ်သွားလာရလွယ်ကူသည်။ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီးအဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်ကြသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှ ၁၈၀မှ၁၀၀လက်မ ကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။
တောင်ယာမြေများသည်စပါး၊ပဲ၊ပြောင်းဖူး၊အားလူးစိုက်ပျိုးထုတ်လုပ်ရန်နှင့်သက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိက အားထာရာဖြစ်သည်။

## ၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်

ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ၈၀မှ၁၀၀လက်မ ကျင်တွင်ရှိပြီးစိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။ တောင်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၅)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့ရှိပါသည်။ယင်းအဖွဲ့များအနက်ပြင်ပမှဖွဲ့စည်းပေးသောလူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့်အမျိုးသမီးရေးရာအဖွဲ့မှာလုပ်ရှားဆောင်ရွက်မှုမရှိပါ။နာရေးကိစ္စအပါအဝင်ဘာသာရေးလုပ်ငန်းကျေးရွာဖွံ့ဖြိုးေရး၊လူမှုရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပြီးလှုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။
ကျေးရွာအတွက် အသေးစား
ငွေကြေးအဖွဲ့ကိုပြင်ပမှဖွဲ့စည်းပေးထားပြီးအသေးစားငွေစုငွေချေးလုပ်ငန်းများနှင့်UNDPမှအတိုးဖြင့်ထုတ်ယူပေးသောငွေကြေးများဖြင့်လည်းဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက် ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်း များစွမ်းဆောင်ရည် မြှင့် တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် စပါးကို အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါး၊ စိုက်ဧက(၂၀၀)ကိုစိုက်ပျိုးကြသည်။ တောင်သူအများစုသည် တောင်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားလုံလောက်မှုကိုရှိကြပါသည်။ တောင်ယာကို ကိုယ်တနိုင်တပိုင်လုပ်ကိုင်ကြသည်။ ထို့ကြောင့် အလုပ်သမားပြဿနာမရှိပါ။ တောင်သူများသည် တခါတစ်ရံတွင် မိုးရွာသွန်းမှုရင်ဆိုင်ရတတ်သည်။ မိုးလေဝသကောင်းပါကအထွက်များပြီးအမြတ်များသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ ၈၀%ဝန်းကျင်ရှိပြီး ဒေသမှဝက်မျိုးများမွေးမြူကြသည်။ ဒေသကြက်မွေးသည် အိမ်ထောင်စုလည်းတစ်ရွာလုံး၏ ၃၀% ခန့်ရှိပြီး ဈေးကွက်တွင်ဝယ်လိုအားရှိသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန် ရောဂါ အဖြစ်များပြီး ၊ရောဂါကြောင့်မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်း၊မလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်ဆိုင်ရာ အဟန့်အတားများလုပ်ငန်းတည်းထောင်၊တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို ချေးငှား လျှင်လည်း အတိုးနှုန်းများမြင့်မားတတ်သည်။

## (ဂ) ငါးလုပ်ငန်း

ကျေးရွာတွင်မွေးမြူရန်ရေမြေနေရာအဆင်မပြေသောကြောင်းငါးမွေးမြူးရေးလုပ်ငန်းလုပ်ငန်းများ မရှိပါ။

**(ဃ)** ကျေးရွာတွင်အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ဈေးရောင်း၊အစိုးရဝန်ထမ်း၊လုပ်ငန်းတို့ဖြစ်ကြသည်။အခြားလုပ်ငန်းအများစုမှာရာသီဥတုနှင့်အမျိုးအစားအလိုက်တွက်ခြေကိုက်မျှအနည်းအပါးမှာအသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သော လူဦးရေးများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင်သက်မွေးဝမ်းကျောင်း သင်တန်းအချို့ကို ဝန်းဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ဇာထိုး၊ပန်းထိုး၊ ဆံပင်အလှပြင်၊မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း ၊ဝပ်ရှော့စသည့်တိုသည် အသက်မွေးဝမ်းကျောင်း သင်တန်းများနှင့်အထိတွေ့နည်းပါးကြသည်။လုပ်ငန်းခွင့်သုံးပညာအရည်အချင်းပိုင်းတွင်လည်းအနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း

မတတ်နိုင်ကြချေ။
ငွေကြေးအဆင်ပြေသောအိမ်ထောင်စုအချို့သာအပ်ချုပ်၊စက်ပြင်စသောသင်တန်းများသို့အခကြေးငွေ အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

**(င) ဘဏ္ဍာ နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှတောင်သူများသည်မြစိမ်းရောင်ငွေကိုအတိုးနှုန်း၁ကျပ်တိုး၊အသေးစားချေးငွေ၁ကျပ်တိုးနှင့်ချေးယူကြသည်။ဘဏ္ဍာလုပ်ငန်းများကိုလည်းဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့်တောင်သူကြီးများအတွက်လိုအပ်သောချေးငွေရရှိရန်စနစ်များပြောင်းလဲချသင့်သည်။အထူးသဖြင့်တောင်ယာသမားနှင့်အသေးစားလုပ်ငန်းရှင်များသည်စိုက်ပျိုးရေးနှင့်အသေးစားစီးပွားရေးလုပ်ငန်းများအတွက်အထိုက်အလျောက်များပြားသည့်ချေးငွေလိုအပ်ပါသည်။ကျေးရွာတွင်သမဝါယမအသင်းကချေးငွေလိုအပ်သူရွာသားများအတွက်ချေးငွေအစီအစဉ်ကိုဆောင်ရွက်သင့်ပါသည်။

**၅။ အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ကျေးရွာရှိ ရွာတွင် လမ်းမှာမြေသားလမ်းဖြစ်ပြီး ထော်လာဂျီးများကိုအသုံးပြုမောင်းနှင်ကြသည်။
ရေလမ်းခရီးအသုံးပြုမှုမရှိဘဲလမ်းပန်းဆက်သွယ်ရေးအတွက်မော်တော်ဆိုင်ကယ်(၂၂၈)စီးနှင့်ထော်လာဂျီ(၉)စီးနှင့်ကား(၇)စီးအသုံးပြုလျက်ရှိသည်။သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေး ပေါ် ပြဿနာများဖြစ်ပေါ် လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးသောကြောင့် အသုံးပြုခြင်းမရှိပါ။ ဆိုလာစနစ်ကိုသာ အသုံးပြုနေပါသည်။

**(ဂ) သတင်း နှင့် ဆက်သွယ်ရေး**

ကျေးရွာတွင်စာကြည့်တိုက်လည်းမရှိပါ။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမီမှုမရရှိနိုင်ပါ။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမရှိဘဲ အခြားသတင်းအချက်အလက်များကိုလည်းမရရှိနိုင်ပါ။

**(ဃ) ပညာရေး**

ကျေးရွာတွင် မူလတန်းနှင့်အလယ်တန်းကို ၇၂' ၁၈'၁၂၀'၃၀'အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကားနှင့် အင်္ဂတေအခင်းကျောင်းဆောင်နှင့်အထက်တန်း ၉၀'၃၀'အရွယ်ရှိ သွပ်မိုး၊ အုပ်နံရံကားနှင့် အင်္ဂတေခင်းကျောင်းဆောင်တွင် သင်ကြားပေးသည်။ ရွာသား အားလုံးမျာ ရေတတ်ဖတ်တတ်ကြပြီး လူဦးရေ အားလုံး၏၂.၆%သည် ဘွဲ့ကြီးကျောင်းပညာရေးကိုရရှိထားကြသည်။ မူလတန်းအောင် ရာခိုင်နှုန်းလည်း မြင့်မားသည်။ယခုနှစ်ကျောင်းအပ်နှံသည့်နှုန်းထားသည်ကျေးရွာရှိမူလတန်းအရွယ်နှင့်အလယ်တန်းအရွယ်ရှိသူအရေအတွက်ထက်ပိုနေကြောင်းတွေ့ရှိရကာဒင်းမှာမူလတတန်းတွင်(၉)နှစ်၊အလယ်တန်းတွင်(၁၄)နှစ်ထက်ကြီးသော ကျောင်းသားများရှိနေခြင်းတို့ကြောင့်ဖြစ်သည်။ ကျောင်းတွင်ပရိဘောဂတို့လုံလောက်မှုမရှိ၊ မူလတန်းပြ ဆရာ/မ(၇)ဦး၊အလယ်တန်းတွင်ဆရာ/မ(၇)ဦးနှင့် အထက်တန်းဆရာ/မ(၇)ဦးတို့ရှိကြသည်။ ကျောင်းတွင်ဆရာတပည့်အချိုးသည်မူလတန်းတွင်(၁:၁၆)အလယ်တန်းတွင်(၁:၁၈)နှင့်အထက်တန်းတွင်(၁:၂၁)ရှိသဖြင့်ကျောင်းဆရာ/မအင်အားလုံလောက်မှုရှိသည်။ကျောင်းဖွင့်ရာသီကမူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့်လေ့ကျင်ခန်းစာအုပ်များကို အခမဲ့ ပံ့ပိုးပေးခဲ့သည်။

## ၇။ ကျန်းမာရေး၊ ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဝန်ဆောင်မှုကိုလက်လှမ်းမီပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးမရရှိသောကြောင့်အခက်အခဲရှိပါသည်။ကျောင်းသူ/သားများစာကျက်ရာတွင်အခက်အခဲများရှိပါသည်။ ကျေးရွာသူ/သားများသည် စိမ့်စမ်းရေကိုသုံးကြပြီး လုံလောက်မှုရှိပါသည်။ ချမ်းသာသော အိမ်ထောင်စုများကအိမ်ထောင်စုများကအုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲအိမ်ထောင်စုများက ဝါးရိုင်းပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့်ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သောရောဂါဖြစ်ပွားမှုများနည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက်အသုံးပြုရန်လွယ်ကူသည်။

## ၈။ ဘေးအန္တရာယ် နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် အခြားသော သီးနှံစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက် တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကို သာ အသုံးပြုမှုများပြားသည်။ ယခုအခါ၌ တောင်သူအများစုသည် ပိုးသတ်ဆေးကိုသာမက ခြံတွင်း ပေါင်းရှင်း ရန်အတွက် ပေါင်းသတ်ဆေးတို့ကို ပါ ယခင်ကထက်ပို၍ သုံးစွဲလာခြင်း ကြောင့် မြေဆီ မြေသြဇာ အရည်အသွေးပိုမိုကျဆင်းလာခဲ့ရသည်။

## ၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရကောင်းစွာသတ်မှတ်ထားကြသည်။ကျေးရွာတွင်ကျားနှင့်မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရသေးပါ.ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည်သာမာန်အားဖြင့်ပညာရေးနှ၍့်အခြားနယ်ပယ်များတွင်အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ပညာရေးနှင်ဆိုင်သောကိန်းဂဏန်းများတွင်မူလတန်းအဆင့်၌မိန်းကလေးအရေအတွက်သည် ယောကျ်ားလေး အရေအတွက်တွင် မအရေအတွက် ထက်ပိုများနေ၍ အမျိုးသမီးများအတွက်ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားသဘာဝနှင့် အင်အားစိုက်ရကြသည်။ ဥပမာအားဖြင့် သဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားလျှော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမိးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုတို့မှာ အလွန်လျှော့နည်းလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများမြင့်တင့်ဆောင်ရွက်ပေးခြင်းဖြင့်ကျားမတန်းတူညီမျှမှု၊ဖွံ့ဖြိုးမှုတို့အတွက်ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၁၀။ သရက်ပြား ကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| စဉ် | ကျေးရွာအုပ်စုအမည် – သစ်အယ်ပင် | | ကျေးရွာအမည် -သရက်ပြား | မှတ်ချက် |
|---|---|---|---|---|
| | ကဏ္ဍ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | လျှပ်စစ် | မဟာဓါတ်အားပေး စနစ်ဖြင့် မီးလင်းစရေး | လျှပ်စစ်မီး (၁) မိုင် | |
| ၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း၊ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း | ရွာပတ်လမ်းပေ(၁၅၀၀) | |
| ၃ | စိုက်ပျိုးရေး နည်းပညာ | နည်းပညာ | စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့် | |
| ၄ | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းအုတ်တံတိုင်းပေ(၂၀၀၀)အမြင့်(၅)ပေ | |
| ၅ | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းရေလှောင်ကန်အနက်(၉ပေ) အကျယ်(၆ပေ) | |

နောက်ဆက်တွဲ(၁)

**သရက်ပြားကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများစာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးတင်ကိုး | ဦးအေး | ၁၃/ပတယ(နိုင်)၀၀၆၃၀၇ | ၅၄ | ဥက္ကဋ္ဌ | | |
| ၂ | ဦးသန်းထွန်း | ဦးဖန် | ၁၃/ပတယ(နိုင်)၀၀၅၉၉၁ | ၄၅ | အတွင်းရေးမှူး | | |
| ၃ | ဦးစိုးကြည် | ဦးလှ | ၁၃/ပတယ(နိုင်)၀၄၅၃၉၃ | ၄၇ | ဘဏ္ဍာရေးမှူး | | |
| ၄ | ဦးကျော်သန်း | ဦးဝ | ၁၃/ပတယ(နိုင်)၀၀၂၆၀၁ | ၅၆ | စာရင်းကိုင် | | |
| ၅ | မနုနုအေး | ဦးမြင့်ထူး | ၁၃/ပတယ(နိုင်)၀၄၀၀၁၅ | ၃၄ | စာရင်းစစ် | | |
| ၆ | မမေဦး | ဦးဝင်းဦး | ၁၃/ပတယ(နိုင်)၀၄၈၆၂၅ | ၄၀ | သော့ကိုင် | | |
| ၇ | မမေသူ | ဦးဘလှိုင် | ၁၃/ပတယ(နိုင်)၀၄၈၆၂၇ | ၃၀ | အဖွဲ့ဝင် | | |

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား (သရက်ပြား)ကျေးရွာ

| ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် | | | | | | |
|---|---|---|---|---|---|---|
| စဉ် | ပြဿနာ | အကြောင်းအရာ | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
| ၁ | မိုးတွင်းနေမပူသည့်အခါမီးအားမရဘဲ အခက်အခဲရှိခြင်း | ဆိုလာမီးဘက်ထရီပျက်ခြင်း | ရပ်ရွာထည့်ဝင်ငွေစုဆောင်းထားပြီးတစ်မိုင်ခန့်ဝေးသည့်သစ်အယ်ပင်မှာလျှပ်စစ်မီးရရှိခြင်း | | ရပ်မိရပ်ဖများဦးဆောင်ပြီးလျှပ်စစ်ရုံးသို့တင်ပြမည်။ | လျှပ်စစ်မီး(၁မိုင်) |
| ၂ | ရွာပတ်လမ်းမိုးတွင်းတွင်သွားလာရခက်ခဲသည်။ကျောင်းသွားလမ်းဖြစ်၍ကျောင်းသူ/သားနှင့်ဆရာမများအတွက်ခက်ခဲသည်။ | မြေသားလမ်း | လုပ်အား/သဲ | | ကျေးလက်ဦးစီးဌာနကိုတင်ပြပြီးကျောက်ချောလမ်းရရှိရန်ဆောင်ရွက်မည်။ | ရွာပတ်လမ်းပေ(၁၅၀၀) |
| ၃ | ဒေသမျိုးသာစိုက်ပျိုးနေရသဖြင့်ထွက်နှုန်းမကောင်းပါ။ | မျိုးကောင်းမျိုးသန့်မစိုက်နိုင်ခြင်း | တောင်သူများမှာစိုက်ပျိုးရေးအဓိကလုပ်ကိုင်ကြခြင်း | အမျိုး | စိုက်ပျိုးသီးနှံများအထွက်တိုးလာစေရန်အတွက်မျိုးကောင်းမျိုးသန့်များရရှိရန်ဆောင်ရွက်မည်။ | စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့် |
| ၄ | ကျောင်းသားများစာသင်ရာတွင်စိတ်ဝင်စားမှုမရှိခြင်း၊ယာဉ်အန္တရာယ်ရှိခြင်း၊ကျောင်းချိန်အတွင်းအပြင်သို့ထွက်ခြင်း | ကျောင်းခြံစည်းရိုးမရှိခြင်း | လုပ်အား/သဲ | | ကျောင်းကော်မတီအဖွဲ့များဆွေးနွေးတိုင်ပင်ပြီးပညာရေးဌာနနှင့်ဆက်သွယ်မည်။ | ကျောင်းအုတ်တံတိုင်းပေ(၂၀၀၀)အမြင့်(၅)ပေ |
| ၅ | ကျောင်းသားများသန့်ရှင်းရေးနှင့်သောက်သုံးရေမလုံလောက်ခြင်း | ရေလှောင်ကန်မရှိခြင်း | လုပ်အား/သဲ | | ကျေးလက်ဦးစီးဌာနနှင့်ဆက်သွယ်မည်။ | ကျောင်းရေလှောင်ကန်အနက်(၉ပေ) အကျယ်(၆ပေ) |

| "နှစ်အလိုက် စီမံချက်လုပ်ငန်းများ" | | | | | | | |
|---|---|---|---|---|---|---|---|
| စဉ် | အဆိုပြု လုပ်ငန်းများ | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
| ၁ | လျှပ်စစ်မီး(၁မိုင်) | ၁ | ✔ | ✔ | | | |
| ၂ | ရွာပတ်လမ်းပေ(၁၅၀၀) | ၂ | | ✔ | ✔ | | |
| ၃ | စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့် | ၅ | ✔ | ✔ | ✔ | ✔ | ✔ |
| ၄ | ကျောင်းအုတ်တံတိုင်းပေ(၂၀၀၀)အမြင့်(၅)ပေ | ၃ | | | ✔ | ✔ | |
| ၅ | ကျောင်းရေလှောင်ကန်အနက်(၉ပေ) အကျယ်(၆ပေ) | ၄ | | | ✔ | ✔ | |

**သရက်ပြားကျေးရွာ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများလျာထားချက်**

| | | |
|---|---|---|
| | | |
| | | |
| | | |
| | | |
| | | |